**မြန်မာအန်ဂျီအိုများနှင့် စီဘီအိုများ စုံညီအစည်းအဝေး မှတ်တမ်း (ဖေဖော်ဝါရီလ ၁၈ ရက်၊ ၂၀၂၀)**

**နေရာ။ ။ MNN Office**

**အချိန်။ ။ နံနက် ၁၀နာရီမှ နေ့လည် ၁၂နာရီ၊ ၃၀မိနစ် အထိ**

အစည်းအဝေးသို့ နိုင်ငံတကာအဖွဲ့အစည်းများ၊ မြန်မာအန်ဂျီအိုများနှင့်ပြည်တွင်းအဖွဲ့အစည်းပေါင်း (၂၁)ဖွဲ့မှ ကိုယ်စားလှယ်များ စုစုပေါင်း (၂၄) ဦး တက်ရောက်ခဲ့ပါသည်။ အစည်းအဝေးတွင် ပုံမှန်အတိုင်း ဖွံ့ဖြိုးရေးကဏ္ဍများနှင့်ပတ်သက်သည့် သတင်းဖလှယ်ရေးအစီအစဉ်များ၊ မြန်မာအန်ဂျီအိုကွန်ရက် ပြန်လည်ဖွဲ့စည်းရေးအတွက် ဆွေးနွေးခြင်းများ ပါဝင်သလို အခြားဆွေးနွေးရန် ကိစ္စရပ်များလည်း ပါဝင်သည်။ ယနေ့အစည်းအဝေးတွင် သဘာပတိ ဒေါ်စုစုဝေ (ငြိမ်းဖောင်ဒေးရှင်း) က နှုတ်ခွန်းဆက်စကား ပြောကြားပြီးနောက် တက်ရောက်လာသူများက တစ်ဦးချင်း မိတ်ဆက်စကား ပြောကြားခဲ့သည်။

| Discussion Point |
|---|
| <u>New Myanmar Foundation</u><br><br>• Civic and Voter Education, Election Observation, Parliamentary Education, Research and Advocacy တို့ကို အဓိကထားလုပ်နေကြောင်း၊ လောလောဆယ် First Time Voter များအတွက် အသိပညာပေးခြင်းများကို လုပ်ဆောင်နေကြောင်း ဒေါ်သီရိထွန်းက ပြောကြားခဲ့သည်။ |
| <u>Thant Myanmar</u><br><br>• အဖွဲ့အနေဖြင့် Waste Management အတွက် လုပ်ဆောင်နေကြောင်း၊ ရုံးတွင်း Waste Management သင်တန်းများပေးခြင်း၊ ကျေးရွာအမှိုက်စီမံခန့်ခွဲမှု သင်တန်းပေးခြင်း၊ ဆွေးနွေးအကြံပေးခြင်း၊ Advocacy လုပ်ဆောင်ခြင်း၊ Campaign များ စီစဉ်လုပ်ဆောင်ခြင်းတို့ကို ပြုလုပ်နေကြောင်း၊ အစိုးရ၊ ခရီးသွားလုပ်ငန်းနယ်ပယ်၊ အဖွဲ့အစည်းများ၊ လူထု စသည်တို့နှင့် ချိတ်ဆက်လုပ်ဆောင်နေကြောင်း၊ “ပလတ်စတစ်လိုလို့လား” “ရေကုသိုလ်” “No Straw” Campaign တို့ကို လုပ်ဆောင်နေကြောင်း မဇင်မာမြင့်က တင်ပြခဲ့သည်။ |
| <u>မေတ္တာမွန်</u><br><br>• ပြီးခဲ့သည့်အပတ်က ထန်းတပင်မြို့နယ်တွင် လူကုန်ကူးမှုအကြောင်း ပညာပေးခြင်းကို အခြားအဖွဲ့အစည်းများနှင့် စုပေါင်းပြီး လုပ်ဆောင်ခဲ့ကြောင်း၊ ဧရာဝတီတိုင်း၊ မကွေးတိုင်းဒေသတို့မှ သင်တန်းသားများဖြစ်ကြောင်း၊ တက်ရောက်လာသူများကို Issara အဖွဲ့က ထောက်ပံ့ပေးထားသော စာရွက်စာတမ်းများကို ဖြန့်ဝေခြင်း၊ Mobile Application များကို ထည့်သွင်း သင်ကြားပေးခြင်းတို့ကိုလည်း လုပ်ဆောင်ခဲ့ကြောင်း၊ အဓိကအားဖြင့် အလုပ်ရှင်နှင့် အလုပ်သမားတို့၏ ရပိုင်ခွင့်၊ ကျင့်ဝတ်များ၊ အခက်အခဲကြုံပါက ဆက်သွယ်ရမည့်အဖွဲ့အစည်းများကိုလည်း မိတ်ဆက်ပြောကြားခဲ့ကြောင်း၊ အဖွဲ့အစည်းများအတွက် လိုအပ်ပါက မိမိတို့ကို ဆက်သွယ်လျှင် လာရောက်မျှဝေပေးနိုင်ပါကြောင်း ဒေါ်အေးအေးစမ်းက အသိပေးမျှဝေခဲ့သည်။ |
| <u>သုံးပန်လှ</u><br><br>• အဖွဲ့အစည်းများအနေဖြင့် အစည်းအဝေးပွဲများ ပြုလုပ်ပါက ထွေအုပ်အပြင် ပြန်ဆက်ကိုပါ သတင်းပို့ရန် တိုက်တွန်းလိုပါကြောင်း၊ သုံးပန်လှအဖွဲ့အနေဖြင့် တနင်္ဂနွေနေ့တိုင်းတွင် စက်ရုံများမှ အလုပ်သမားများနှင့် ဆွေးနွေးအသိပညာပေးခြင်းအစီအစဉ်ရှိပါကြောင်း၊ မနက် ၁၀နာရီမှ ၁၂နာရီအထိဖြစ်ပြီး ၎င်းတို့အတွက် အကျိုးရှိစေမည့် အသိပညာပေးမျှဝေခြင်းများ ပြုလုပ်လိုပါက ဆက်သွယ်နိုင်ပါကြောင်း၊<br><br>• ပဒုမ္မာအသင်းအနေဖြင့် လူငယ်များကို ပိုမိုပါဝင်စေချင်ကြောင်း၊ ဘုန်းကြီးကျောင်းပညာရေးတွင် စာသင်ပေးနိုင်သောလူငယ်များ၊ အခြားကွန်ပျူတာသင်တန်းကဲ့သို့ ပညာဒါနပြုလုပ်ပေးနိုင်သော လူငယ်များကို ပါဝင်စေလိုကြောင်း၊<br><br>• အသင်းက ချုပ်ထားသော ခြင်ထောင်များကိုလည်း ဈေးနှုန်းချိုသာစွာ ဝယ်ယူအားပေးနိုင်ပါကြောင်း ဦးဝင်းသိန်းက ပြောကြားခဲ့သည်။ |
| <u>MIMU</u><br><br>• MIMU ကို အဖွဲ့အစည်းအများစုက သိရှိပြီးဖြစ်သည်ဟု ယူဆပါကြောင်း၊ UN Resident Coordinator ၏ စီမံမှုအောက်တွင် ရှိကြောင်း၊ |

မြေပုံအချက်အလက်များ ထောက်ပံ့ပေးခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ ကြော်ငြာပေးခြင်း၊ အရေးပေါ်အခြေအနေတွင် Situational Analysis Report များ ထုတ်ပေးခြင်း၊ ပြည်တွင်းပြည်ပအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်နေမှုနှင့် သတင်းအချက်အလက်များကို သိရှိရယူနိုင်ပါကြောင်း၊ အခြားဝန်ဆောင်မှုများစွာလည်းရှိကြောင်း၊

- MIMU Training Resources ကို MIMU Website တွင် ရယူနိုင်ပါကြောင်း၊ သင်တန်းမတက်နိုင်သူများအတွက် Excel နှင့် GIS တို့ကို ကိုယ်တိုင်လေ့လာနိုင်ပါကြောင်း၊ Corona Virus နှင့် ပတ်သက်သော သတင်းအချက်အလက်၊ ဆောင်ရန်ရှောင်ရန်တို့နှင့် သက်ဆိုင်သည်များကိုလည်း တစုတစည်းတည်း လေ့လာနိုင်စေရန် တင်ထားကြောင်း စသည်ဖြင့် မသီရိမေကျော်က မျှဝေပြောကြားခဲ့သည်။
- Website: themimu.info

<u>Golden Plain</u>

- ၂၀၀၄ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သဘာဝပတ်ဝန်းကျင်၊ အမျိုးသမီးစွမ်းဆောင်ရည် မြှင့်တင်ခြင်းတို့ကို လုပ်ဆောင်နေကြောင်း၊ သင်တန်းများလည်း ပေးနေကြောင်း စသည်ဖြင့် အဖွဲ့အကြောင်းကို ဒေါ်စုစုထွန်းက မိတ်ဆက်ပြောကြားခဲ့သည်။

<u>Pandita</u>

- ၂၀၁၁ ခုနှစ်က စတင် ဖွဲ့စည်းခဲ့ကြောင်း၊ Civic Education နှင့် သတင်းအချက်အလက်များ ဖြန့်ဝေခြင်းကို အဓိကလုပ်ဆောင်နေကြောင်း၊ ဒီမိုကရေစီသတင်းလွှာကို အပတ်စဉ်နှင့် လစဉ်ထုတ်ဝေပြီး အခမဲ့ဖြန့်ဝေပေးနေကြောင်း၊ Website တွင်လည်း ဝင်ကြည့်နိုင်ပါကြောင်း ကိုဇွဲသူရိန်အောင်က မိတ်ဆက်ပြောကြားခဲ့သည်။

<u>Ratna Mahal</u>

- Safe Migration နှင့် ပတ်သက်ပြီး လုပ်ဆောင်နေကြောင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် လုပ်ဆောင်နေကြောင်း၊ အခြားနိုင်ငံသို့ အလုပ်လုပ်သွားရာတွင် တရားဝင်ရွှေ့ပြောင်းသွားလာမှုဖြစ်စေရန် ရည်ရွယ်ကြောင်း၊ ဖေဖော်ဝါရီလနှင့် မတ်လထဲတွင် ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ် တို့၌ အသိပညာပေးခြင်းလုပ်ငန်းများကို ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ ယင်းဒေသများတွင် မိမိတို့ စီမံချက်လုပ်ငန်းများရှိပါက ချိတ်ဆက်ပေးနိုင်ပါကြောင်း၊ အခြားဒေသများတွင်လည်း ရွှေ့ပြောင်းသွားလာမှုနှင့်ပတ်သက်၍ လိုအပ်ပါက လာရောက်၍ သင်တန်းပေးနိုင်ပါကြောင်း ဦးကျော်သန်းထွန်းက တင်ပြခဲ့သည်။

<u>FOW</u>

- ရွှေစက်တောအနားရှိ မီးလောင်ဒဏ်ခံရသော အိမ်ထောင်စုများအတွက် ဆန်၊ ဆီ၊ အဝတ်အထည်နှင့် အခြားပစ္စည်းများကို သွားရောက်လှူဒါန်းသွားမည့်အကြောင်းကို ဦးအောင်သန်းက အသိပေးပြောကြားခဲ့သည်။

<u>MIMU Orientation Workshop</u>

- MIMU Orientation Workshop ကို ယနေ့ မွန်းလွဲပိုင်းတွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း ကိုရန်နိုင်ဋ္ဌေးက အသိပေးပြောကြားခဲ့သည်။

<u>MCSCGA National Process Workshop</u>

- MCSCGA ၏ National Process Workshop ကို ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ မြန်မာအန်ဂျီအိုကွန်ရက်မှ တက်ရောက်လိုသူများ ကိုရန်နိုင်ဋ္ဌေးထံ စာရင်းပေးနိုင်ကြောင်း၊ ဖိတ်စာလည်း ထပ်မံပို့ပေးမှာ ဖြစ်ကြောင်း ဒေါ်သင်းနွယ်စိုးက အသိပေးကြေညာခဲ့သည်။

<u>CPG-CSO/INGO Work Stream Meeting and MNN Sector Leads’ToR</u>

- CPG-CSO/INGO Work Stream Meeting ကို ဖေဖော်ဝါရီလ ၂၇ ရက်နေ့တွင် EU ရုံး၌ ပြုလုပ်သွားမည်ဖြစ်ကြောင်း၊ Sector Leads များ တက်ရောက်မှာဖြစ်ကြောင်း၊ ရှေ့တပတ်အစည်းအဝေးတွင် တက်ရောက်ခဲ့သူများက ပြန်လည် အစီရင်ခံပေးမည် ဖြစ်ကြောင်း ကိုရန်နိုင်ဋ္ဌေးက ပြောကြားခဲ့သည်။

- MNN Sector Lead များအတွက် ToRs များကို အကြမ်းရေးပြီး ပို့ပေးမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ဆက်လက်၍ MNN အတွက် အစည်းအဝေးတက်ရောက်သူများက ဆွေးနွေးခဲ့ကြသည်။ ဦးမောင်မောင်သိန်းဖေက ToR များကို Sector အလိုက် တာဝန်ယူရေးဆွဲစေလိုကြောင်း အကြံပြုခဲ့သည်။
- ကိုအာကာစိုးနောင်ကလည်း Sector Lead တာဝန်ယူထားသူများကို အစည်းအဝေး ပုံမှန်တက်ရောက်စေလိုကြောင်း ဆွေးနွေးခဲ့သည်။
- ဦးဝင်းသိန်းက MNN တွင် ယခင် ToR များ ရှိနှင့်ပြီး ဖြစ်ကြောင်း၊ အဖွဲ့ဝင်များထံတွင်လည်း ယခင်က ဖြန့်ဝေထားပြီး ဖြစ်ကြောင်း ပြောကြားခဲ့သည်။
- ဒေါ်စုစုဝေက Sector Lead များသည် ယာယီသာ ရွေးချယ်ထားခြင်းဖြစ်ပြီး သင်းဖွဲ့စည်းမျဉ်း၊ ToRs များ ရေးဆွဲပြီးပါက ပြန်လည်ရွေးချယ်သွားမည်ဟု နားလည်ထားပါကြောင်း ဆွေးနွေးခဲ့သည်။
- ကိုရန်နိုင်ဌေးက Secretariat Team ကို စိတ်ပါဝင်စားပြီး အချိန်ပေးနိုင်သည့် Volunteer များဖြင့် ဖွဲ့စည်းသွားချင်ကြောင်း၊ Sector Lead များ ရွေးချယ်ထားသည်မှာ သင်းဖွဲ့စည်းမျဉ်း၊ ToRs များ မပြီးသေးခင်အထိ Sector အလိုက် တာဝန်ခံနိုင်ရန် ရွေးချယ်ထားခြင်းဖြစ်ကြောင်း ရှင်းပြခဲ့သည်။

နောက်တကြိမ်အစည်းအဝေးကျင်းပမည့်ရက်- အစည်းအဝေးကို ၂၀၂၀ပြည့်နှစ်၊ မတ်လ ၃ ရက်နေ့တွင် မြန်မာအန်ဂျီအိုကွန်ရက် အစည်းအဝေးခန်းမ၌ ကျင်းပမည်ဖြစ်ပါသည်။